MYEIK FUTURE DEVELOPMENT

MYEIK FUTURE DEVELOPMENT PUBLIC COMPANY LIMITED

Sein Pan War Street, Myeik Economic Zone, Kantharyar Quarter, Myeik, Tanintharyi Region, Myanmar.
Tel: 09 79350 7444, Tel:&Fax: 059 42856, E-mail: mfdmyeik@gmail.com

# မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

ရက်စွဲ ။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်

မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ("ကုမ္ပဏီ") ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်၊ ရက်စွဲပါ နှစ်ပတ်လည်အထွေထွေအစည်းအဝေးအကြောင်းကြားစာတွင် ဖော်ပြထားသော ဆုံးဖြတ်ရန်အချက်များကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်တွင် ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒသမအကြိမ် (၁၀)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များက အောက်ပါအတိုင်း သဘောတူ ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း ဒါရိုက်တာအဖွဲ့အနေဖြင့် အသိပေးကြေညာအပ်ပါသည်။

ဆုံးဖြတ်ချက်(၁)

ကုမ္ပဏီ၏ ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးရှင်းတမ်းများ နှင့် စာရင်းစစ်အစီရင်ခံစာတို့ကို အတည်ပြုပါသည်။ (စုစုပေါင်းအတည်ပြုမဲအရေအတွက် - 651,189 ၊ ကန့်ကွက်မဲအရေအတွက် - မရှိ ၊ အတည်ပြုသည်)

ဆုံးဖြတ်ချက်(၂)

ကုမ္ပဏီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သည့် ဝင်ငွေခွန်လျာထားပြီး အသားတင်အမြတ်မှ အစုရှယ်ယာ (၁)စုလျှင် အမြတ်ဝေစု ကျပ် ၅၀၀/- (ကျပ်ငါးရာတိတိ) ကို အမြတ်ဝေစုအဖြစ် ခွဲဝေပေးရန် ဒါရိုက်တာအဖွဲ့က အဆိုပြုထားခြင်းနှင့် (၇.၁.၂၀၂၆) ရက်နေ့မှ စတင်၍ အမြတ်ဝေစုထုတ်ပေးရန် သတ်မှတ်ခြင်းကို အတည်ပြုပါသည်။

ဆုံးဖြတ်ချက်(၃)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း အပိုဒ်-၈၈ အရ နုတ်ထွက်ရန် အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင် သုံးပုံတစ်ပုံ နုတ်ထွက်ခြင်း နှင့် Nomination Committee မှ ထောက်ခံတင်ပြသည့် နည်းလမ်းတကျ အဆိုပြုတင်ပြထားသော ဒါရိုက်တာအဖွဲ့ဝင် (၃)ဦး ကို ပြန်လည်ခန့်အပ်ခြင်းတို့ကို အတည်ပြုပါသည်။

| စဉ် | အလှည့်ကျနုတ်ထွက်ဒါရိုက်တာများ | စဉ် | အရွေးချယ်ခံဒါရိုက်တာများ |
|---|---|---|---|
| ၁ | ဦးတင်ညွန့် | ၁ | ဦးတင်ညွန့် |
| ၂ | ဦးဘုန်းဝင်း | ၂ | ဦးဘုန်းဝင်း |
| ၃ | ဦးဝင်းမင်းလွင် | ၃ | ဦးဝင်းမင်းလွင် |

(၁၈-၁၀-၂၀၂၅) ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) တွင် ကုမ္ပဏီ၏ လက်ရှိလုပ်ငန်းအခြေအနေများအရ ဒါရိုက်တာအဖွဲ့ဝင်ဦးရေကို (၇)ဦးဖြင့် ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်နှင့်အညီ လာမည့် ၂၀၂၆ ခုနှစ် သက်တမ်းကာလအတွက် ခန့်အပ်တာဝန်ပေးသည့် ဒါရိုက်တာအဖွဲ့ဝင် (၇)ဦးမှာ -

(၁) ဦးယဉ်ဝင်းနိုင်
(၂) ဦးကျော်ဝင်း
(၃) ဦးကျော်ဇော်ဝင်း
(၄) ဦးဘဏ်ဟိန်း
(၅) ဦးဘုန်းဝင်း
(၆) ဦးတင်ညွန့်
(၇) ဦးဝင်းမင်းလွင် တို့ဖြစ်ကြောင်း အတည်ပြုပါသည်။

(စုစုပေါင်းအတည်ပြုမဲအရေအတွက် - 651,189 ၊ ကန့်ကွက်မဲအရေအတွက် - မရှိ ၊ အတည်ပြုသည်)

ဆုံးဖြတ်ချက်(၄)

ကုမ္ပဏီ၏ လာမည့် ၂၀၂၆ ခုနှစ် အတွက် သီးခြားလွတ်လပ်သော ဒါရိုက်တာ (၂)ဦးအဖြစ် ဦးတင်မောင်ဆွေ နှင့် ဒေါ်ခင်အေးတို့အား ဆက်လက်ခန့်အပ်ရန် အတည်ပြုပါသည်။

(စုစုပေါင်းအတည်ပြုမဲအရေအတွက် - 651,189 ၊ ကန့်ကွက်မဲအရေအတွက် - မရှိ ၊ အတည်ပြုသည်)

ဆုံးဖြတ်ချက် (၅)

ကုမ္ပဏီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးရန် ပြင်ပစာရင်းစစ်အဖြစ် "U Than Aung & Associates" လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖွဲ့အား ခန့်ထားခြင်းကို အတည်ပြုပါသည်။

(စုစုပေါင်းအတည်ပြုမဲအရေအတွက် - 651,189 ၊ ကန့်ကွက်မဲအရေအတွက် - မရှိ ၊ အတည်ပြုသည်)

ဒါရိုက်တာအဖွဲ့၏ကိုယ်စား

မန်နေဂျင်းဒါရိုက်တာ
မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး
အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၁)ရက်